AYA Mobile Banking
3.0

# USER GUIDE

**Version 1.0.1**

© 2025 AYA Innovation Labs

# Table of Contents


**Login မဝင်ရောက်မီ** ........ **1**

**စကားဝှက်ပြန်လည်သတ်မှတ်ခြင်း** ........ **3**

**ပင်မစာမျက်နှာ Page**

- ဘဏ်စာရင်းများအားလုံး၏လက်ကျန်ငွေ ........ **6**
- ဒစ်ဂျစ်တယ်ငွေလွှဲမှတ်တမ်း ........ **6**
- ဝန်ဆောင်ခများတွက်ချက်ခြင်း ........ **7**
- သုံးစွဲသူပရိုဖိုင် ........ **9**
- အသိပေးချက်များ ........ **9**

**ဆက်တင် (ပြင်ဆင်မှုများ)**

- ဘာသာစကားပြောင်းလဲခြင်း ........ **10**
- App Theme ပြောင်းလဲခြင်း ........ **11**
- Live Chat Widget ........ **11**
- စကားဝှက်ပြောင်းလဲခြင်း ........ **12**
- PIN နံပါတ်ပြောင်းလဲခြင်း ........ **13**
- မျက်နှာပြင် (သို့) လက်ဗွေရာပြင်ဆင်မှုများ ........ **13**
- အကောင့်ဝင်ထားသောဖုန်းများစီမံခြင်း ........ **14**
- Call Center သို့ဆက်သွယ်ရန် ........ **14**
- အကောင့်မှထွက်ခြင်း ........ **15**

**ဘဏ်စာရင်းများစာမျက်နှာ**

- ဘဏ်စာရင်းများစီမံရန် ........ **17**

**ငွေလွှဲပြောင်းမှုများ**

- ကိုယ်ပိုင်ဘဏ်စာရင်းများသို့ငွေလွှဲပြောင်းခြင်း ........ **19**
- အခြား AYA ဘဏ်စာရင်းသို့ငွေလွှဲပြောင်းခြင်း ........ **20**
- AYA Pay wallet သို့ ငွေလွှဲပြောင်းခြင်း ........ **21**
- အခြားသောဘဏ်စာရင်းများသို့ ငွေလွှဲပြောင်းခြင်း ........ **22**

**ကတ်များအားစီမံခြင်း**

- ကတ်ယာယီပိတ်ခြင်းနှင့် ပြန်လည်ဖွင့်ခြင်း ........ **24**
- ကတ်အချက်အလက်များအသေးစိတ်ကြည့်ရှုခြင်း ........ **25**
- ကိုယ်ပိုင်အကြွေးဝယ်ကတ်အားငွေပြန်လည်ဖြည့်သွင်းခြင်း ........ **26**
- ကိုယ်ပိုင်ကြိုတင်ငွေဖြည့်ကတ်အတွင်းသို့ငွေဖြည့်ခြင်း ........ **27**

# Table of Contents

**ဝန်ဆောင်မှုများ**

ဝန်ဆောင်မှုအမျိုးအစားများ ..... **29**
မြင်ကွင်းပြင်ဆင်ရန် ..... **29**
ဘီလ်ပေးဆောင်ခြင်း ..... **30**
ငွေလက်ခံသူစာရင်း ..... **31**
QR ဖတ်ရန် ..... **33**
ငွေထုတ်စက်မှငွေထုတ်ယူရန် ..... **35**
ဖုန်းငွေဖြည့်သွင်းရန် ..... **38**
ငွေတောင်းခံရန် ..... **39**
စာရင်းသေအပ်နှံငွေ ..... **40**
အခြားသူ၏ကြိုတင်ငွေဖြည့်ကတ်အတွင်းသို့ငွေဖြည့်ခြင်း ..... **43**
အခြားသူ၏အကြွေးဝယ်ကတ်အားငွေပြန်လည်ဖြည့်သွင်းခြင်း ..... **44**
အခွန်ပေးဆောင်ခြင်း ..... **45**
ဝန်ဆောင်မှုများတည်နေရာ (ငွေထုတ်စက်၊ ဘဏ်ခွဲ၊ အေးဂျင့် နှင့် xCounter) ..... **46**

**ချေးငွေပြန်လည်ပေးဆပ်ခြင်း**

ချေးငွေအကျဉ်းချုပ် ..... **50**
ရက်လွန်ပေးချေမှုများ ..... **50**
ချေးငွေပြန်လည်ဆပ်ခြင်းပြုလုပ်ရန် ..... **51**

# Login မဝင်ရောက်မီ













## Step 1

AYA Mobile Banking app အားဖွင့်၍ **"အကောင့်ဝင့်ရန်"** ခလုတ်ကို နှိပ်ပြီး သင့် Username နှင့် ယာယီစကားဝှက်ကိုဖြည့်သွင်းပါ။ ပြီးနောက် **"အကောင့်ဝင်မည်"** ကိုနှိပ်ပါ။

## Step 2

အဲ့ဒီနောက်၊ သင်၏ မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သို့ ပေးပို့ထားသော SMS ကိုစစ်ဆေးပြီး OTP ကုတ်ကို ထည့်ပါ။

## Step 3

စကားဝှက်အသစ်တစ်ခု ဖန်တီးပြီး နောက်ထပ် စခရင်တွင် ထပ်မံရိုက်ထည့်ပါ။ ယင်းသည် သင့် AYA Mobile Banking အတွက် အသစ်စက်စက် စကားဝှက်ဖြစ်ပါသည်။

## Step 4

ယင်းနောက်၊ PIN နံပါတ်တစ်ခု သတ်မှတ်ပြီး နောက်ထပ် စခရင်တွင် ထပ်မံရိုက်ထည့်ပါ။ ဤ PIN နံပါတ်သည် AYA Mobile Banking တွင် သင့်ငွေလွှဲလုပ်ငန်းများကို အတည်ပြုရန်အတွက် လိုအပ်ပါသည်။









## Step 5

စကားဝှက်အသစ်အား ထပ်မံဖြည့်သွင်းပါ။

## Step 6

ထို့နောက်၊ မျက်နှာဖြင့်သိမြင်မှု (Face ID) သို့မဟုတ် လက်ဗွေဖြင့် ဝင်ရောက်နိုင်မှုကို သတ်မှတ်ပါ။ အသိပေးချက်များ ကို ဖွင့်ထားပါ။ ငွေလွှဲခြင်းနှင့် ငွေပေးချေမှုများအတွက် သင်နှစ်သက်သည့် ငွေစာရင်းကို ရွေးချယ်ပါ။





## Step 7

ဖော်ပြပါအဆင့်များပြီးမြောက်ပါက အဓိက စာမျက်နှာကို တိုက်ရိုက်ရောက်ရှိပါမည်။

# စကားဝှက်ပြန်လည်သတ်မှတ်ခြင်း

























## Step 1

Login screen သို့ သွားပါ၊ ထို့နောက် **"စကားဝှက်မေ့နေပါသလား?"** ကိုနှိပ်၍ သင့်စကားဝှက်ကို ပြန်လည်သတ်မှတ်နိုင် ပါသည်။

## Step 2

ထို့နောက်၊ သင့်အသုံးပြုသူအမည်နှင့် AYA Bank ငွေစာရင်းနံပါတ်၏ နောက်ဆုံး ၇ လုံးကို ရိုက်ထည့်ပါ။

## Step 3

ထပ်ပြီး သင့်ဖုန်းသို့ ပေးပို့ထားသော OTP ကုတ်ကို ရိုက်ထည့်ပါ။

## Step 4

မှတ်ပုံတင်ကတ်ကို scan ပြုလုပ်ပါ။ ဓာတ်ပုံဆိုင်ရာ လမ်းညွှန်ချက်များကို ဖတ်ရှုပြီး **"စကန်ဖတ်မည်"** ခလုတ်ကို နှိပ်ပါ။ မှတ်ပုံတင်ကတ်၏ ရှေ့ဖက်နှင့် ကျောဖက်ကို scan လုပ်ပါ။

## Step 5

လိုအပ်သလို အစိတ်အပိုင်းဖြတ်တောက်ပါ။ အတည်ပြုရန်အတွက် **"ဓာတ်ပုံများအသုံးပြုမည်"** ခလုတ်ကို နှိပ်ပါ။









## Step 6

သင့်မှတ်ပုံတင်အချက်အလက်များ မှန်ကန်ခြင်းရှိ/မရှိ စစ်ဆေးပါ။ ထို့နောက် **“ကျွန်ုပ်၏အချက်အလက်များ မှန်ကန် ပါသည်”** ခလုတ်ကို နှိပ်ပါ။

## Step 7

နောက်တစ်ဆင့်တွင် လမ်းညွှန်ချက်များအတိုင်း မိမိဓာတ်ပုံ (selfie) တစ်ပုံ ရိုက်ပါ။ ရိုက်ယူထားသည့် ဓာတ်ပုံအား ထပ်မံပြုပြင်ရန် မလိုအပ်ပါက **“ဤဓာတ်ပုံကို အသုံးပြုမည်”** ခလုတ်ကို နှိပ်ပါ။





## Step 8

နောက်ဆုံးအနေဖြင့်၊ စကားဝှက်အသစ်ကို လက်ခံရရှိရန်အတွက် သင့်အတွက်အဆင်ပြေသည့် ဆက်သွယ်မှု နည်းလမ်းကို ရွေးချယ်ပါ။ AYA Bank မှ သင်ရွေးချယ်ထားသည့် ဆက်သွယ်မှု နည်းလမ်းမှတဆင့် စကားဝှက်အသစ်ကို ရုံးဖွင့်ရက် အနည်းငယ်အတွင်း ပြန်လည်ပေးပို့ပေးပါမည်။

# ပင်မ စာမျက်နှာ




## သုံးစွဲသူပရိုဖိုင်၊ ဆက်တင်များနှင့် အသိပေးချက်များ

## ဘဏ်စာရင်းအားလုံး၏စုစုပေါင်းလက်ကျန်ငွေ

ဘဏ်စာရင်းအားလုံး၏ စုစုပေါင်းလက်ကျန်ငွေကို ကြည့်ရှုနိုင်သည် (သို့မဟုတ်) အထူးသတ်မှတ်ထားသော ဘဏ်စာရင်းတစ်ခု၏ လက်ကျန်ငွေကို သီးသန့်ကြည့်ရှု နိုင်ပါသည်။ သင့်လုံခြုံစိတ်ချရနိုင် စေရန်အတွက် လက်ကျန်ငွေကို ဖျောက်ထားနိုင်ပါသည်။

## ထိပ်တန်းဝန်ဆောင်မှုများ

သင့်အဆင်ပြေမှုအတွက် ပင်မစာမျက်နှာပြင်ပေါ်တွင် ထိပ်တန်းဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များကို တိုက်ရိုက် အသုံးပြုနိုင်ပါသည်။

## ဒစ်ဂျစ်တယ်ငွေလွှဲမှတ်တမ်း

မကြာသေးမီက ပြုလုပ်ခဲ့သော ဒီဂျစ်တယ်ငွေလွှဲဝန်ဆောင်မှုများကို ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။ ဒီဂျစ်တယ်ငွေလွှဲ လုပ်ဆောင်မှုများ အားလုံးကို ကြည့်ရန် **“အားလုံးကြည့်မည်”** ကိုနှိပ်ပါ။

# ဘဏ်စာရင်းအားလုံး၏စုစုပေါင်းလက်ကျန်ငွေ






## Step 1

သင့်စုစုပေါင်းလက်ကျန်ငွေကို မူလစာမျက်နှာ၏ ထိပ်ပိုင်းတွင် ပြသထားမည်ဖြစ်ပါသည်။

## Step 2

လက်ကျန်ငွေကို ဖျောက်ရန် သို့မဟုတ် ပြန်ကြည့်ရန် မျက်လုံးပုံအိုင်ကွန်ကို နှိပ်ပါ။

## Step 3

ပင်မစာမျက်နှာတွင် ဖော်ပြလိုသော အကောင့်တစ်ခု၏ လက်ကျန်ငွေကို သီးသန့်ရွေးချယ်နိုင်ပါသည်။ **“သင့်ဘဏ်စာရင်းများ”** ကို နှိပ်ပြီး မိမိကြည့်လိုသော အကောင့်ကို ရွေးချယ်ပါ။

# ဒစ်ဂျစ်တယ်ငွေလွှဲမှတ်တမ်း











## Step 1

သင့်ရဲ့ မကြာသေးမီက ဒီဂျစ်တယ်ငွေလွှဲလုပ်ဆောင်မှုများကို ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။လုပ်ဆောင်မှုအားလုံးကိုကြည့်ရန် **“အားလုံးကြည့်မည်”** ကို နှိပ်ပါ။

## Step 2

ဘဏ်ငွေစာရင်း၊ လုပ်ဆောင်မှုအမျိုးအစား၊ ရက်စွဲအလိုက် ရှာဖွေခြင်း ပြုလုပ်နိုင်ပါသည်။

## Step 3

သတ်မှတ်လုပ်ဆောင်မှုတစ်ခုကို နှိပ်၍ အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

## Step 4

**“သိမ်းဆည်းမည်”** ကို နှိပ်ပြီး လုပ်ဆောင်မှုအတွက် e-receipt ကို ဒေါင်းလုတ်လုပ်ရန် သို့မဟုတ် မျှဝေရန် ရွေးချယ်နိုင်ပါသည်။

# ဝန်ဆောင်မှုများတွက်ချက်ခြင်း

## (အိမ်ယာနှင့် ကားချေးငွေတွက်ချက်ရန်)









## Step 1

ပင်မမျက်နှာစာသို့ သွားပါ။ **“ချေးငွေ၊ စုငွေ နှင့် အချိန်ပိုင်းအပ်ငွေများ တွက်ချက်မည်”** ကို နှိပ်ပါ။

## Step 2

**အိမ်ချေးငွေ tab** ကို ရွေးချယ်ပါ။ သင့်အိမ်ယာချေးငွေ ခန့်မှန်းချက်ရရှိရန် လိုအပ်သော အချက်အလက်များကို ဖြည့်ပါ။ **“တွက်ချက်မည်”** ကို နှိပ်၍ ချေးငွေရယူနိုင်မည့် ပမာဏကို စစ်ဆေးပါ။







## Step 3

မော်တော်ယာဉ်ချေးငွေတွက်ချက်ရန် **ကားချေးငွေ tab** ကို ရွေးချယ်ပါ။

## Step 4

လိုအပ်သောအချက်အလက်များကို ဖြည့်ပြီး **“တွက်ချက်မည်”** ကို နှိပ်ပါ။ ရယူနိုင်မည့် ပမာဏကို စစ်ဆေးနိုင်ပါသည်။

# ဝန်ဆောင်မှုများတွက်ချက်ခြင်း

## (စုဆောင်းငွေနှင့် အချိန်ပိုင်းအပ်ငွေတွက်ချက်ခြင်း)







### Step 1

စုဆောင်းငွေတွက်ချက်ရန် **စုဆောင်းငွေ tab** ကို ရွေးချယ်ပါ။ လိုအပ်သောအချက်အလက်များကို ဖြည့်ပြီး **"တွက်ချက်မည်"** ကို နှိပ်ပါ။

### Step 2

ခန့်မှန်းထားသော အတိုးနှုန်း၊ အခြားအထူးဆုကြေးငွေများ နှင့် စုဆောင်းငွေပမာဏကို ပြန်လည်စစ်ဆေးပါ။

### Step 3

တွက်ချက်မှုအသစ်တစ်ခု ပြုလုပ်ရန် **"ပိတ်မည်"** ကို နှိပ်ပြီး **"ပြန်လည်တွက်ချက်ရန်"** ကို နှိပ်ပါ။







### Step 4

အချိန်ပိုင်းအပ်ငွေတွက်ချက်ရန် **အချိန်ပိုင်းအပ်ငွေ tab** ကို ရွေးချယ်ပါ။ လိုအပ်သောအချက်အလက်များကို ဖြည့်ပြီး Calculate ကို နှိပ်ပါ။

### Step 5

ခန့်မှန်းထားသော အတိုးနှုန်းနှင့် သက်တမ်းကုန်ရမည့် ငွေပမာဏကို ပြန်လည်စစ်ဆေးပါ။

### Step 6

တွက်ချက်မှုအသစ်တစ်ခု ပြုလုပ်ရန် **"ပိတ်မည်"** ကို နှိပ်ပြီး **"ပြန်လည်တွက်ချက်ရန်"** ကို နှိပ်ပါ။

# သုံးစွဲသူပရိုဖိုင်







### Step 1

ပင်မစာမျက်နှာ၏ ညာဘက်အပေါ်ထောင့်ရှိ User Profile ပုံအိုင်ကွန်ကို နှိပ်ပါ။

### Step 2

သင့်ကိုယ်ရေးအချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ ပရိုဖိုင်ဓာတ်ပုံကိုလည်း စိတ်ကြိုက် ပြင်ဆင် နိုင်ပါသည်။

# သတိပေးချက်များ







### Step 1

ပင်မစာမျက်နှာ၏ ညာဘက်အပေါ်ထောင့်ရှိ အသိပေးချက် (ခေါင်းလောင်းပုံအိုင်ကွန်) ကို နှိပ်ပါ။

### Step 2

လုပ်ငန်းစဉ်များ၊ ပရိုမိုးရှင်းများနှင့် System အသိပေးချက်များကို အချိန်နှင့်တပြေးညီ သတိပေးချက်များဖြင့် လိုက်နာကြည့်ရှုနိုင်ပါသည်။

# ဆက်တင် (ပြင်ဆင်မှုများ)







## Step 1

ပင်မစာမျက်နှာ၏ ညာဘက်အပေါ်ထောင့်ရှိ ဆက်တင် ပုံအိုင်ကွန်ကို နှိပ်ပါ။

## Step 2

ဘာသာစကားပြောင်းခြင်း၊ မြင်ကွင်း၏ အလင်းနှင့် အမှောင်များအကြား ပြောင်းလဲခြင်း၊ သီးသန့်လုံခြုံရေး ပြင်ဆင်မှုများ ပြင်ဆင်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှုကို ဆက်သွယ်ခြင်းနှင့် AYA Mobile Banking အပလီကေးရှင်းမှ Logout ပြုလုပ်ခြင်းများကို လုပ်ဆောင်နိုင်ပါသည်။

# ဘာသာစကားပြောင်းလဲခြင်း







## Step 1

“App ဆက်တင်” အပိုင်းတွင် **“ဘာသာစကား”** ကို နှိပ်ပါ။

## Step 2

ပေါ်လာသောစာရင်းထဲမှ မိမိနှစ်သက်သော ဘာသာစကား ကို ရွေးချယ်ပါ။

# အက်ပ်အပြင်အဆင် (Light Mode/Dark Mode)






**Step 1**

"App ဆက်တင်" အပိုင်းတွင် **"App Theme"** ကို နှိပ်ပါ။

**Step 2**

**Light** ကို နှိပ်လျှင် အလင်းရောင်မုဒ်သို့ ပြောင်းလဲနိုင်ပါသည်။
**Dark** ကို နှိပ်လျှင် အမှောင်ရောင်မုဒ်သို့ ပြောင်းလဲနိုင်ပါသည်။
**System** ကို နှိပ်လျှင် သင့်ဖုန်း၏ အရောင်ပြောင်းလဲခြင်းနှင့် ကိုက်ညီအောင် ပြောင်းလဲသုံးနိုင်ပါသည်။

# Live Chat Widget









## Homepage တွင် Live Chat ကို ပိတ်ရန်

Homepage မှ Live Chat ကို ပိတ်ရန် ကြက်ခြေခတ် ပုံအိုင်ကွန်မှကိုနှိပ်ပါ။Pop-up box ထဲမှ **"ပြုလုပ်မည်"** ကို နှိပ်ပါ။

## ဆက်တင်စာမျက်နှာထဲမှ Live Chat ကိုဖော်/ဖျောက်ရန်

အကူအညီ အပိုင်းတွင် ထဲမှ Live Chat ၏ toggle ကိုနှိပ်၍ ပင်မ စာမျက်နှာတွင် Live Chat Widget ကို ပြန်ဖော်/ပြန်ဖျောက် နိုင်ပါတယ်။

# စကားဝှက်ပြောင်းလဲခြင်း













## Step 1

“လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ” အပိုင်းတွင် **“စကားဝှက်ပြောင်းမည်”** ကို နှိပ်ပါ။

## Step 2

သင့်၏ လက်ရှိ AYA Mobile Banking စကားဝှက်ကို ရိုက်ထည့်ပြီး **“လက်ရှိစကားဝှက်ကိုအတည်ပြုသည်”** ကို နှိပ်ပါ။

## Step 3

အသစ်ပြောင်းလိုသော စကားဝှက်ကို ရိုက်ထည့်ပြီး **“စကားဝှက်အသစ်ကိုအတည်ပြုသည်”** ကို နှိပ်ပါ။

## Step 4

အသစ်ပြောင်းလိုသော စကားဝှက်ကို ထပ်မံရိုက်ထည့်ပြီး **“စကားဝှက်ပြောင်းလဲမည်”** ကို နှိပ်ပါ။ ထို့နောက် Logout ပြုလုပ်ပြီး အသစ်ပြောင်းထားသော စကားဝှက်ဖြင့် ပြန်လည် Login ဝင်ပါ။ သင့် AYA Internet Banking စကားဝှက် လည်း ပြောင်းလဲပြီး ဖြစ်သွားပါမည်။

# PIN နံပါတ်ပြောင်းလဲခြင်း



## Step 1

“လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ” အပိုင်းတွင် **“PIN ပြောင်းမည်”** ကို နှိပ်ပါ။

## Step 2

သင့်လက်ရှိ PIN ကို ရိုက်ထည့်ပါ။ ထို့နောက်၊ အသစ်ပြောင်းလိုသော PIN နံပါတ် ကို ရိုက်ထည့်ပြီး **“PIN နံပါတ်အတည်ပြုမည်”** ကို နှိပ်ပါ။

## Step 3

နောက်ဆုံးအနေဖြင့် အသစ်ပြောင်းလိုသော PIN နံပါတ် ကို ထပ်မံရိုက်ထည့်ပါ။ PIN နှစ်ခုတူညီပါက သင့် PIN နံပါတ် ကို အောင်မြင်စွာ ပြောင်းလဲပြီးဖြစ်ပါသည်။

# မျက်နှာသွင်ပြင် (သို့) လက်ဗွေရာ ဆက်တင်



## Step 1

“လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ” အပိုင်းတွင် **Face ID ဆက်တင်** (သို့) **Fingerprint ဆက်တင်** ကို နှိပ်ပါ။

## Step 2

မျက်နှာသွင်ပြင် (သို့) လက်ဗွေရာ ဖြင့် AYA Mobile Banking ဝင်ရောက်အသုံးပြုနိုင်ရန် toggle ခလုပ်ကို နှိပ်ပါ။

## Step 3

၎င်းလုပ်ဆောင်မှုအား အတည်ပြုရန် သင့်လက်ရှိ AYA Mobile Banking စကားဝှက်ကို ရိုက်ထည့်ရပါမည်။

# အကောင့်ဝင်ထားသော ဖုန်းများ



## Step 1

“လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ” အပိုင်းတွင် **“အကောင့်ဝင်ထားသောဖုန်းများ”** ကို နှိပ်ပါ။

## Step 2

သင့် AYA Mobile Banking အကောင့်တွင် ဝင်ရောက်အသုံးပြုခဲ့သော device များအားလုံးကို ပြသပါမည်။ လက်ရှိအသုံးပြုနေသော စက်ကို **This Device** ဟု ဖော်ပြထားပါသည်။

## Step 3

Device တစ်ခုချင်းစီကို နှိပ်၍ နောက်ဆုံး ဝင်ရောက်သည့် အချက်အလက်များကို ကြည့်ရှုနိုင်သည်။ သင်မသိသော လုပ်ဆောင်မှုရှိပါက **“အကောင့်မှထွက်မည်”** ကို နှိပ်ပြီး အကောင့်လုံခြုံမှုကို ထိန်းသိမ်းနိုင်ပါသည်။

# ဖုန်းခေါ်ဆိုစင်တာသို့ဆက်သွယ်နိုင်ရန်



## Step 1

“အကူအညီ” အပိုင်းတွင် **“ဖုန်းခေါ်ဆိုရန်”** ကို နှိပ်ပါ။

## Step 2

ဖုန်းနံပါတ်ကို နှိပ်၍ AYA Bank Call Center ၏ ဝန်ဆောင်မှုကို ရယူနိုင်ပါသည်။

# AYA Mobile Banking မှ Log Out ထွက်ခြင်း






**Step 1**

ဆက်တင် မျက်နှာပြင်၏အောက်ခြေရှိ **“အကောင့်မှထွက်မည်”** ကို နှိပ်ပါ။

**Step 2**

ပေါ်လာသော pop-up သတိပေးသည့် box တွင် **“အကောင့်ထွက်မည်”** ကို နှိပ်ပြီး Log Out ဆက်လက်လုပ်ဆောင်ပါ။

**Step 3**

သင့်အကောင့်မှ Log Out ပြုလုပ်ပေးမှာဖြစ်ပါသည်။

**Step 4**

ပြန်လည်ဝင်ရောက်ရန် **“အကောင့်ဝင့်ရန်”** ကို နှိပ်ပါ။

# သင့်ဘဏ်ငွေ စာရင်းများ




### သတ်မှတ်ထားသော ဘဏ်ငွေစာရင်းများကို ရှာဖွေရန်

သင့်ဘဏ်ငွေစာရင်းနံပါတ် သို့မဟုတ် ဘဏ်ငွေစာရင်း အမည်အတိုကောက်ကို ရိုက်ထည့်ပါ။

### စာရင်းအမျိုးအစားများ

သင့်ဘဏ်ငွေစာရင်းများကို ငွေစာရင်းအမျိုးအစား အလိုက် စနစ်တကျ စီစဉ်ကြည့်ရှုနိုင်ပါသည်။

### သင့် ဘဏ်ငွေစာရင်းများ အားလုံး

ဘဏ်ငွေစာရင်းအသေးစိတ်ကို ကြည့်ရန်နှင့် စီမံခန့်ခွဲရန် ဘဏ်ငွေစာရင်းတစ်ခုချင်းစီကို နှိပ်ပါ။

# ဘဏ်ငွေစာရင်းများစီမံခန့်ခွဲမှု




### ဘဏ်ငွေစာရင်းအမည်အတိုကောက်

သင့်ဘဏ်ငွေစာရင်း၏ အမည်အတိုကောက်ကို ကိုယ်ပိုင် သတ်မှတ်နိုင်ရန် **“နာမည်ပြောင်းမည်”** ကို နှိပ်ပါ။

### ဘဏ်စာရင်း QR Code

AYA Mobile Banking အသုံးပြုသူများထံမှ ငွေလက်ခံနိုင်ရန် သင့်ဘဏ်စာရင်း၏ QR Code ကို မျှဝေနိုင်ပါသည်။

### အလွယ်တကူ အသုံးပြုနိုင်သော လုပ်ဆောင်ချက်များ

ငွေလွှဲခြင်း၊ ငွေတောင်းခံခြင်း နှင့် စာရင်းရှင်းတမ်းထုတ်ခြင်း။

### ငွေလွှဲပုံသေဘဏ်အကောင့်အဖြစ်သတ်မှတ်ခြင်း

ငွေလွှဲခြင်းနှင့် ငွေပေးချေမှုများအတွက် အလွယ်တကူ အသုံးပြုနိုင်ရန် သင့်ဘဏ်ငွေစာရင်းများထံမှ တစ်ခုကို Default အဖြစ် သတ်မှတ်နိုင်ပါသည်။

### ငွေလွှဲမှတ်တမ်းများ

ဘဏ်ငွေစာရင်း၏ နောက်ဆုံး ၆ လအတွင်းရှိ ဒီဂျစ်တယ် ငွေလွှဲမှတ်တမ်းနှင့် over-the-counter transactions (ဘဏ်ခွဲများမှတဆင့်ပြုလုပ်သည့် ငွေလွှဲမှတ်တမ်း) များ အပါအဝင် ငွေလွှဲ မှတ်တမ်း အားလုံးကို ကြည့်ရှုနိုင်ပါသည်။

# ငွေလွှဲပို့ခြင်း




## မှတ်သားထားသောငွေလွှဲလက်ခံမည့်သူများ

အလွယ်တကူ ငွေလွှဲနိုင်ရန်အတွက် မှတ်သားထားသော ငွေလွှဲလက်ခံမည့်သူစာရင်းမှ ငွေလွှဲလက်ခံမည့်သူကို ရွေးချယ်ပါ။ AYA Bank ငွေစာရင်းနံပါတ်များနှင့် AYA Pay အသုံးပြုသူများ၏ ဖုန်းနံပါတ်များကိုလည်း ငွေလွှဲစာမျက်နှာတွင် တိုက်ရိုက် ထည့်သွင်း၍ သိမ်းထားနိုင်ပါသည်။

## ငွေလွှဲခြင်းရွေးချယ်စရာများ

ကိုယ်ပိုင်ငွေစာရင်းသို့ ငွေလွှဲခြင်း၊ အခြား AYA Bank ငွေစာရင်းများသို့ ငွေလွှဲခြင်းအပြင်၊ AYA Pay wallet များသို့ ငွေလွှဲခြင်းနှင့် အခြားပြည်တွင်းဘဏ်များသို့လည်း တိုက်ရိုက် ငွေလွှဲနိုင်ပါသည်။

# မိမိ၏ကိုယ်ပိုင်ငွေစာရင်းများသို့ငွေလွှဲခြင်း






















## Step 1

ငွေလွှဲခြင်းစာမျက်နှာသို့သွားပြီး **"ကိုယ်ပိုင်ငွေစာရင်း"**အား ရွေးချယ်ပါ။

## Step 2

ငွေလွှဲမည့်ငွေစာရင်းမှ ငွေလက်ခံမည့် ငွေစာရင်းအား ရွေးချယ်ပါ။

## Step 3

ငွေပမာဏထည့်သွင်းပြီးပါက ငွေလွှဲခြင်းအကြောင်းအရာတွင် ဖြည့်သွင်းပြီးလျှင် **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကိုနှိပ်ပါ။

## Step 4

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေးပါ။ ယင်းနောက် **"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပြီး PIN နံပါတ် အားရိုက်ထည့်ပါက ငွေလွှဲခြင်းဖြစ်စဉ် ပြီးမြောက်ပါသည်။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည်ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်းပြုလုပ်နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အားနှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွားရောက်နိုင်ပါသည်။

# အခြား AYA ဘဏ်စာရင်းသို့ငွေလွှဲပြောင်းခြင်း






















## Step 1

ငွေလွှဲခြင်းစာမျက်နှာသို့သွားပြီး **“အခြား AYA ငွေစာရင်း”** အား ရွေးချယ်ပါ။

## Step 2

ငွေလွှဲမည့်ငွေစာရင်းမှ ငွေလက်ခံမည့် ငွေစာရင်းအမှတ်အား ရိုက်ထည့်ပါ။ (သို့) အနီရောင် ငွေလက်ခံသူစာရင်း ပုံအိုင်ကွန်မှ မှတ်ထားသည့် ငွေလက်ခံမည့်သူစာရင်းမှ ရွေးချယ်ပါ။

## Step 3

ငွေပမာဏထည့်သွင်းပြီးပါက ငွေလွှဲသည့်မှတ်ချက်တွင် အကြောင်းအရာဖြည့်သွင်းပြီးလျှင် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်ပါ။

## Step 4

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေးပါ။ ယင်းနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပြီး PIN နံပါတ် အားရိုက်ထည့်ပါက ငွေလွှဲခြင်းဖြစ်စဉ် ပြီးမြောက်ပါသည်။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည်ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်းပြုလုပ်နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အားနှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# AYA Pay wallet သို့ ငွေလွှဲပြောင်းခြင်း






















## Step 1

ငွေလွှဲခြင်းစာမျက်နှာသို့သွားပြီး **“AYA Pay”** အား ရွေးချယ်ပါ။

## Step 2

ငွေလွှဲမည့်ငွေစာရင်းမှ ငွေလက်ခံမည့် AYA Pay wallet ဖုန်းနံပါတ်အား ရိုက်ထည့်ပါ။ (သို့) အနီးရောင် ငွေလက်ခံသူစာရင်းပုံအိုင်ကွန်မှ မှတ်ထားသည့် ငွေလက်ခံမည့်သူစာရင်းမှ ရွေးချယ်ပါ။

## Step 3

ငွေပမာဏထည့်သွင်းပြီးပါက ငွေလွှဲသည့်မှတ်ချက်တွင် အကြောင်းအရာဖြည့်သွင်းပြီးလျှင် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်ပါ။

## Step 4

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေးပါ။ ယင်းနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပြီး PIN နံပါတ် အားရိုက်ထည့်ပါက ငွေလွှဲခြင်းဖြစ်စဉ် ပြီးမြောက်ပါသည်။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည်ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်းပြုလုပ်နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အားနှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွားရောက်နိုင်ပါသည်။

# အခြားသောဘဏ်စာရင်းများသို့ ငွေလွှဲပြောင်းခြင်း

















## Step 1

ငွေလွှဲခြင်းစာမျက်နှာသို့သွားပြီး **"အခြား ဘဏ်စာရင်း"** အား ရွေးချယ်ပါ။

## Step 2

ငွေလွှဲမည့်ငွေစာရင်းမှ ငွေလက်ခံမည့် အခြားသောဘဏ် အမည်အား ဦးစွာရွေးချယ်ပါ။ ငွေလွှဲလက်ခံမည့် ငွေစာရင်း အမှတ်အား ဖြည့်သွင်းပါ။ ထို့နောက် ငွေလက်ခံမည့်သူ၏ နာမည်အပြည့်အစုံ၊ ငွေလက်ခံမည့်သူ၏ ဖုန်းနံပါတ်၊ ငွေပမာဏနှင့် မှတ်ချက်တို့အား အစဉ်လိုက်ဖြည့်သွင်းပါ။

## Step 3

ငွေလွှဲမည့်နည်းလမ်းအားရွေးချယ်ရမည်။ ပုံမှန်သည် တနင်္လာမှ သောကြာနေ့ (နံနက် ၉နာရီမှ ညနေ ၅နာရီအထိ)ဖြစ်ပြီး အမြန်လွှဲပို့ခြင်းသည် ၂၄နာရီပတ်လုံးလွှဲပို့နိုင်ပြီး အချို့သော ဘဏ်များတွင်သာ ဝန်ဆောင်မှုရရှိနိုင်မည်။

## Step 4

ငွေပမာဏထည့်သွင်းပြီးပါက ငွေလွှဲသည့်မှတ်ချက်တွင် အကြောင်းအရာဖြည့်သွင်းပြီးလျှင် **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကိုနှိပ်ပါ။

## Step 5

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေးပါ။ ငွေလွှဲဝန်ဆောင်ခသည် လွှဲပို့သည့်ပမာဏနှင့် လွှဲပို့ခြင်း နည်းလမ်းအပေါ်တွင်မူတည်၍ ကွာခြားနိုင်သည်။ ယင်းနောက် **"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပြီး ငွေလွှဲခြင်း ဖြစ်စဉ် ပြီးမြောက်စေရန် PIN နံပါတ် အားရိုက်ထည့်ရပါမည်။

## Step 6

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည်ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်းပြုလုပ်နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အားနှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# သင်၏ ကတ်များ




**ကတ်များအားရှာဖွေရန်နေရာ**

ကတ်နံပါတ်ကို ဖြည့်သွင်း၍သော်လည်းကောင်း၊ ကတ်အမျိုးအစားအား ရွေးချယ်၍သော်လည်းကောင်း သင်၏ကတ်ကို ရှာဖွေနိုင်ပါသည်။

**ကတ်အမျိုးအစားများ**

သင်၏ကတ်များအား အမျိုးအစားအလိုက် Tab ခွဲ၍ထားရှိပါသည်။

**ကတ်စာရင်း**

ကတ်တစ်ကတ်ချင်းစီအားနှိပ်၍ အချက်အလက်များ ကြည့်ရှုနိုင်သည်။

# ကတ်ယာယီပိတ်ခြင်းနှင့် ပြန်လည်ဖွင့်ခြင်း









## Step 1

**ကတ်များ** စာမျက်နှာသို့ သွားပြီး လိုချင်သော ကတ်ကို နှိပ်ပါ။

## Step 2

ကတ်များစီမံရန် စာမျက်နှာတွင် **"ကတ်ပိတ်မည်"** ကိုနှိပ်ပါ။

## Step 3

ပေါ်လာသော pop-up box တွင် **"ပြုလုပ်မည်။"** ကို နှိပ်ပြီး၊ ဤလုပ်ဆောင်မှုကို ပြီးစီးရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။





## Step 4

သင့်ကတ်ကို ပိတ်ပြီးလျှင် ကတ်အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုများကို မလုပ်ဆောင်နိုင်တော့ပါ။

## Step 5

ကတ်ကို ပြန်ဖွင့်လိုပါက **"ကတ်ဖွင့်မည်"** ကို နှိပ်ပါ။ ထို့နောက် pop-up box တွင် **"ပြုလုပ်မည်။"** ကို နှိပ်ပြီး သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။

# ကတ်အချက်အလက်များအသေးစိတ်ကြည့်ရှုခြင်း













## Step 1

**ကတ်များ** စာမျက်နှာပြင်သို့ သွားပြီး အသေးစိတ်သိရှိလိုသော ကတ်တစ်ခုကို နှိပ်ပါ။

## Step 2

ကတ်များစီမံရန် စာမျက်နှာတွင် **“ကတ်အသေးစိတ်”** ကိုနှိပ်ပါ။

## Step 3

ကတ်အသေးစိတ်ကို ကြည့်ရှုရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 4

အချက်အလက်ကို ကူးယူရန် ညာဘက်ရှိ copy ပုံအိုင်ကွန် ကို နှိပ်၍ကူးယူနိုင်သည်။

# ကိုယ်ပိုင်အကြွေးဝယ်ကတ်အားငွေပြန်ဆပ်ခြင်း



















## Step 1

**ကတ်များ** စာမျက်နှာပြင်သို့ သွားပြီး သင့် အကြွေးဝယ်ကတ် (Credit Card) ကို ရွေးချယ်ပါ။

## Step 2

အကြွေးပြန်လည်ပေးချေမှုလုပ်ဆောင်ရန် **“ငွေပြန်ဆပ်မည်”** ကို နှိပ်ပါ။

## Step 3

ပေးဆောင်ရန်ကျန်ရှိသည့် ပမာဏကို အလိုအလျောက် ဖြည့်ထားပါသည်။ သို့သော် မိမိပေးချေလိုသည့် ပမာဏကို လည်း ရိုက်ထည့်နိုင်ပါသည်။ ထို့နောက် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်ပြီး အချက်အလက်များကို ပြန်လည် စစ်ဆေးပါ။

## Step 4

ငွေဖြည့်သွင်းမည့်အချက်အလက် အသေးစိတ်ကို သေချာစွာ ပြန်လည်စစ်ဆေးပြီးနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကို နှိပ်ပါ။ လုပ်ဆောင်မှုကို အတည်ပြုရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ် နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# ကိုယ်ပိုင်ကြိုတင်ငွေဖြည့်ကတ်အတွင်းသို့ငွေဖြည့်ခြင်း













## Step 1

**ကတ်များ** စာမျက်နှာပြင်သို့ သွားပြီး သင့်
ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ကို ရွေးချယ်ပါ။

## Step 2

ကြိုတင်ငွေဖြည့်ကတ် ငွေဖြည့်ခြင်းလုပ်ဆောင်ရန်
**"ငွေဖြည့်မည်"** ကို နှိပ်ပါ။

## Step 3

ငွေဖြည့်သွင်းမည့် ဘဏ်ငွေစာရင်းကို ရွေးချယ်ပြီး၊
ဖြည့်သွင်းလိုသော ပမာဏကို ရိုက်ထည့်ပါ။ ထို့နောက်
**"စစ်ဆေးရန် ရှေ့ဆက်မည်"** ကို နှိပ်ပြီး အချက်အလက်များ
ကို ပြန်လည်စစ်ဆေးပါ။







## Step 4

ငွေဖြည့်သွင်းမည့်အချက်အလက် အသေးစိတ်ကို
သေချာစွာ ပြန်လည်စစ်ဆေးပြီးနောက် **"ငွေလွှဲခြင်း
အတည်ပြုမည်"** ကို နှိပ်ပါ။ လုပ်ဆောင်မှုကို
အတည်ပြုရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen
ပေါ်လာမည် ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး
ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့)
မျှဝေခြင်း ပြုလုပ် နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"**
ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား
ရောက်နိုင်ပါသည်။

# ဝန်ဆောင်မှု အားလုံး




**ကြည့်ရှုမှုပုံစံကို ကိုယ်တိုင်ပြင်ဆင်နိုင်ရန်**

List View နှင့် Grid View အကြား ပြောင်းရွှေ့နိုင်ပါသည်။

**ဝန်ဆောင်မှုများအားရှာဖွေရန်နေရာ**

သတ်မှတ်ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ချက်တစ်ခု ကို လွယ်ကူစွာ ရှာဖွေနိုင်ပါသည်။

**ဝန်ဆောင်မှုစာရင်း**

ဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များအားလုံး အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် အုပ်စု၍ခွဲစီစဉ်ထားပါသည်။

# ဝန်ဆောင်မှုအမျိုးအစားများ



## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာသို့ ဝင်ရောက်ရန် အောက်ခြေ Menu ထဲမှ **“ဝန်ဆောင်မှုများ”** ကို နှိပ်ပါ။

## Step 2

ဝန်ဆောင်မှုများကို အုပ်စု ၄ ခုအဖြစ် စနစ်တကျ အုပ်စုခွဲထားပြီး၊ အပေါ်ဘက်ရှိ Tabs များမှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ Core Services, Card Services, Payments, နှင့် Other Services တို့ဖြစ်သည်။

# ကြည့်ရှုမှုပုံစံ ပြင်ဆင်ခြင်း



## Step 1

စာရင်းမြင်ကွင်းအနေဖြင့် ကြည့်ရှုရန်အတွက် အပေါ်ညာဘက်ရှိ List ပုံအိုင်ကွန် ကို နှိပ်ပါ။

## Step 2

အကွက်များဖြင့် ကြည့်ရှုရန်အတွက် အပေါ်ညာဘက်ရှိ Grid ပုံအိုင်ကွန် ကို နှိပ်ပါ။

# ငွေပေးချေမှုလုပ်ဆောင်ခြင်း

























## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာ မှ **"ဘေလ်ဆောင်ရန်"** ကို ရွေးချယ်ပါ။

## Step 2

Search Bar ကို အသုံးပြု၍ရှာဖွေနိုင်သည် (သို့မဟုတ်) ဘေလ်အုပ်စု တစ်ခုကို ရွေးပါ။ ငွေပေးချေလိုသော ဘေလ်ကို ရွေးချယ်ပါ။

## Step 3

လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ပြီး **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကို နှိပ်ပါ။

## Step 4

ငွေပေးချေမှုအသေးစိတ်များကို ဂရုပြု၍ပြန်လည် စစ်ဆေးပြီး **"ငွေလွှဲခြင်း အတည်ပြုမည်"** ကို နှိပ်ပါ။ လုပ်ဆောင်မှုကို အတည်ပြုရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ် နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# ငွေလက်ခံသူစာရင်း (ငွေလက်ခံသူအသစ်မှတ်သားခြင်း)











## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာမှ **"ငွေလွှဲလက်ခံသူများစာရင်းစီမံရန်"** ကို ရွေးချယ်ပါ။

## Step 2

**"အသစ်သိမ်းဆည်းမည်"** ကို နှိပ်ပြီး လက်ခံသူအသစ်ထည့်သွင်းပါ။

## Step 3

AYA ဘဏ်ငွေစာရင်းဖြင့်လက်ခံမည့်သူဖြစ်ပါက **AYAဘဏ်** ကိုနှိပ်၍လည်းကောင်း၊ AYA Pay wallet အသုံးပြုသူဖြစ်ပါက **AYA Pay** ကို နှိပ်၍လည်းကောင်း ရွေးချယ်ပြီး သိမ်းဆည်းပါ။

## Step 4

လက်ခံမည့်သူ၏ ဘဏ်အကောင့်နံပါတ် (သို့မဟုတ်) Wallet ဖုန်းနံပါတ်ကို ရိုက်ထည့်ပါ။ လက်ခံသူအမည်မှန်ကန်မှုကို နှစ်ကြိမ်စစ်ဆေးပါ။ လိုအပ်ပါက ငွေလက်ခံသူ၏အမည်အတိုကောက် (nickname) ထည့်နိုင်ပါသည်။

## Step 5

ဤလုပ်ဆောင်မှုအား အတည်ပြုရန် သင်၏ PIN နံပါတ်ကို ရိုက်ထည့်ပါ။ သင့် "မိမိ၏ ငွေလွှဲလက်ခံသူများ" စာရင်းတွင် အသစ်ထည့်သွင်းထားသော လက်ခံမည့် သူကို တွေ့မြင်နိုင်ပါသည်။

# ငွေလက်ခံသူစာရင်း (ပြင်ခြင်း သို့မဟုတ် ဖျက်ခြင်း)













## Step 1

ငွေလက်ခံမည့်လူပုဂ္ဂိုလ် အသစ်တစ်ဦးကို ထည့်ရန်အတွက် ပလပ်စ်အိုင်ကွန် (+) ကိုနှိပ်ပါ။

## Step 2

ရှိပြီးသား ငွေလက်ခံသူအား စီမံလိုပါက၊ သင့်စာရင်းထဲမှ လက်ခံမည့်ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ပြီး ဘယ် ဘက်သို့ ဆွဲပါ။ ပြင်ရန်နှင့် ဖျက်ရန် ခလုတ်များ ပေါ်လာမည်ဖြစ်သည်။

## Step 3

ပြင်ရန် အပြာရောင် ခလုတ်ကိုနှိပ်၍ ငွေလက်ခံသူ၏ အသေးစိတ်အချက်အလက်များကို ပြင်နိုင်ပါသည်။ (သို့မဟုတ်) ဖျက်လိုပါက အနီရောင်ခလုတ်ကိုနှိပ်၍ ငွေလက်ခံသူကို ဖယ်ရှားနိုင်ပါသည်။

# QR ဖတ်၍ စိတ်ကြိုက်ငွေပမာဏပေးချေရန်













## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာ မှ **“QR ဖတ်မည်”** ကို ရွေးချယ်ပါ။

## Step 2

သင်၏ဖုန်းကင်မရာကို အသုံးပြုပြီး AYA Mobile Banking အသုံးပြုသူ၏ ဘဏ်ငွေစာရင်း၏ QR ကုတ်ကို စကင်လုပ်ပါ။ (သို့မဟုတ်) သင့်ဖုန်း Gallery ထဲမှ မှန်ကန်သော QR ကုတ်ပုံတစ်ပုံကို Upload ပြုလုပ်ပါ။

## Step 3

ထိုနောက် ငွေပမာဏထည့်သွင်းပြီးပါက ငွေလွှဲသည့်မှတ်ချက်တွင် အကြောင်းအရာဖြည့်သွင်းပြီးလျှင် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကို နှိပ်ပါ။

## Step 4

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေး ပါ။ ယင်းနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပြီး ငွေလွှဲခြင်း ဖြစ်စဉ် ပြီးမြောက်စေရန် PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်းအား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ်နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အား နှိပ်၍ ပင်မစာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# QR ဖတ်၍ ကြိုတင်သတ်မှတ်ထားသည့် ငွေပမာဏပေးချေရန်










## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာမှ **"QR ဖတ်မည်"** ကို ရွေးချယ်ပါ။

## Step 2

သင်၏ဖုန်းကင်မရာကို အသုံးပြုပြီး AYA Mobile Banking အသုံးပြုသူ၏ ဘဏ်ငွေစာရင်း၏ QR ကုတ်ကို စကင်လုပ်ပါ။
(သို့မဟုတ်) သင့်ဖုန်း Gallery ထဲမှ မှန်ကန်သော QR ကုတ်ပုံတစ်ပုံကို Upload ပြုလုပ်ပါ။

## Step 3

အသေးစိတ်အချက်အလက်များကို သေချာစွာစစ်ဆေးပြီး **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကို နှိပ်ပါ။







## Step 4

ငွေလွှဲပို့မည့်အချက်အလက်များအား သေချာစွာစစ်ဆေး ပါ။ ယင်းနောက **"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပြီး ငွေလွှဲခြင်း ဖြစ်စဉ် ပြီးမြောက်စေရန် ်PIN နံပါတ်ကို ရိုက်ထည့်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်းအား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ်နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အား နှိပ်၍ ပင်မစာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# ငွေထုတ်စက်မှငွေထုတ်ခြင်း (ငွေထုတ်ကုတ်ရယူခြင်း)




## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာမှ **"ငွေထုတ်မည်"** ကို ရွေးချယ်ပါ။

## Step 2

**"ငွေထုတ်ယူမည်"** ကိုနှိပ်ပါ။ စည်းကမ်းနှင့် သတ်မှတ်ချက်များကို သေချာဖတ်ရှုပါ။ သဘောတူကြောင်း အမှတ်ခြစ်ပေးပြီး **"စတင်မည်"** ကိုနှိပ်ပါ။

## Step 3

ထုတ်ယူလိုသော ငွေပမာဏကို ရိုက်ထည့်ပါ သို့မဟုတ် အကြံပြုထားသော ပမာဏများထဲမှ ရွေးချယ်ပါ။ ထို့နောက် **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကိုနှိပ်ပါ။

## Step 4

အသေးစိတ်အချက်အလက်များကို သေချာစွာ ပြန်စစ်ကြည့်ပြီး **"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပါ။

## Step 5

**"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပြီး သင်၏ PIN နံပါတ်ကိုထည့်ကာအတည်ပြုပါ။

## Step 6

၆ လုံးပါ ငွေထုတ်ကုတ်တစ်ခု ဖန်တီးပေးမည်ဖြစ်သည်။ AYA ဘဏ်၏ ATM တစ်ခုတွင် ၃၀ မိနစ်အတွင်း (ကုတ်သက်တမ်းကုန်မီ) ထုတ်ယူလုပ်ဆောင်ရန် Cash Code နှင့် လိုအပ်သော အချက်အလက်များကို ထည့်ပါ။ ကုတ်သက်တမ်းကုန်သွားပါက ငွေထုတ်ခြင်းကို အသစ်တစ်ကြိမ် ပြန်လည်စတင်ရမည်ဖြစ်သည်။

# ငွေထုတ်စက်မှငွေထုတ်ခြင်း (ငွေထုတ်ကုတ်များ)







## ၁။ “သက်တမ်းရှိသော” Tab

သင်ဖန်တီးထားသော ငွေထုတ်ကုတ်များသည် “သင်၏ထုတ်ယူရန်ကုတ်များ” စာမျက်နှာရှိ “သက်တမ်းရှိသော” Tab တွင် ပေါ်လာမည်။ သက်တမ်းကုန်ဆုံးချိန်မတိုင်မီ အတည်ပြုထားသော Cash Code ကို ATM တွင် အသုံးပြုပြီး ငွေထုတ်နိုင်ပါသည်။

## ၂။ “အသုံးပြုပြီးသော” Tab

ATM စက်မှတစ်ဆင့် အောင်မြင်စွာ ငွေထုတ်ပြီးသား ငွေထုတ်ကုတ် များသည် “အသုံးပြုပြီးသော” Tab တွင် ပြသမည်။ ဤကုတ်များကို ထပ်မံအသုံးပြု၍ မရတော့ပါ။







## ၃။ သက်တမ်းကုန်သော Tab

ငွေထုတ်ကုတ် တစ်ခုကို အချိန်ကန့်သတ်မှုကုန်ဆုံးသည်အထိ အသုံးမပြုခဲ့ပါက အလိုအလျှောက် သက်တမ်းကုန် သွားမည်ဖြစ်သည်။ **“သက်တမ်းကုန်သော”** Tab တွင်ပါသည့် ကုတ်များကို ATM တွင်အသုံးပြု၍မရပါ။

## ၄။ ပယ်ဖျက်ထားသော Tab

သင်က ကိုယ်တိုင်ဖျက်သိမ်းခဲ့သော Cash Code များ သည် **“ပယ်ဖျက်ထားသော”** ထဲတွင် ပြသမည်။ ဤ ဖျက်ထားသော ငွေထုတ်ကုတ် များသည်လည်း အသုံးမပြုနိုင်တော့ပါ။

# ငွေထုတ်စက်မှငွေထုတ်ခြင်း (ငွေထုတ်ကုတ်ဖျက်ခြင်း)













## Step 1

သင်ဖန်တီးထားသော ငွေထုတ်ကုတ်တစ်ခုကို နှိပ်ပြီး၊ **“ပယ်ဖျက်မည်”** ကိုနှိပ်ပါ။

## Step 2

ပေါ်လာသော pop-up သတိပေးသည့် box တွင် **“ပယ်ဖျက်ပါမည်”** ကိုနှိပ်ပါ။

## Step 3

ဖျက်သိမ်းခြင်းအောင်မြင်ပါက အခြေအနေ (Status) သည် “ပယ်ဖျက်ထားသော” ဟု ပြောင်းလဲသွားမည် ဖြစ်သည်။ ဤငွေထုတ်ကုတ်ကို နောက်ထပ်တစ်ကြိမ် ATM မှ ငွေထုတ်ရန် အသုံးပြု၍မရတော့ပါ။

# ဖုန်းငွေဖြည့်ခြင်း

















## Step 1

ပင်မစာမျက်နှာ (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး စာမျက်နှာ ထဲမှ **“ဖုန်းငွေဖြည့်မည်”** ကို ရွေးချယ်ပါ။

## Step 2

ငွေဖြည့်သွင်းမည့် ဖုန်းနံပါတ်ခုကို ရိုက်ထည့်ပါ (သို့မဟုတ်) သင့်ဖုန်း Contacts မှ ဖုန်းနံပါတ်တစ်ခုကို ရွေးချယ်ပါ။

## Step 3

ငွေဖြည့်ရန် ပမာဏကို ရွေးချယ်ပါ၊ ထို့နောက် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်ပါ။

## Step 4

ဖုန်းငွေဖြည့်မည့် အချက်အလက်များကို သေချာစွာ ပြန်လည်စစ်ပြီး **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပါ။

## Step 5

သင်၏ PIN နံပါတ်ကို ထည့်သွင်း၍ လုပ်ငန်းစဉ်ကို အတည်ပြုပါ။

## Step 6

ငွေဖြည့်ခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ် နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# ငွေတောင်းခံခြင်း












## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာ ထဲမှ **"ငွေတောင်းခံမည်"** ကို ရွေးချယ်ပါ။

## Step 2

ငွေတောင်းခံလိုသည့် ဘဏ်ငွေစာရင်းကို ရွေးချယ်ပြီး တောင်းခံလိုသည့် ငွေပမာဏကို ရိုက်ထည့်ပါ။

## Step 3

**"QR Code ထုတ်မည်"** ကိုနှိပ်ပါ။

## Step 4

ဖန်တီးထားသော QR Code ကို အခြား AYA Bank Mobile Banking အသုံးပြုသူအား မျှဝေနိုင်ပါသည်။ ထို့နောက်၊ ထိုသူက သင်ရွေးထားသော ဘဏ်ငွေစာရင်းသို့ တောင်းခံထားသော ငွေပမာဏကို လွှဲပေးနိုင်ပါသည်။

# ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ (သက်တမ်းပြည့်ချိန်အတိုးယူ)

















## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာ ထဲမှ **“စုရင်း တိုးရင်း (ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ)”** ကို ရွေးချယ်ပြီး **“သက်တမ်းပြည့်ချိန်အတိုးယူ”** အစီအစဉ်ကို ရွေးချယ်ပါ။ (သို့မဟုတ်) ဘဏ်စာရင်း စာမျက်နှာရှိ **ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ Tab** ထဲသို့သွားပြီး **“သက်တမ်းပြည့်ချိန်အတိုးယူ”** အစီအစဉ်ကို ရွေးချယ်ပါ။

## Step 2

ငွေသွင်းမည့် အကောင့်ကို ရွေးချယ်ပါ။ သွင်းမည့် ငွေပမာဏကို ရိုက်ထည့်ပါ။ စုဆောင်းမည့်ကာလကို ရွေးချယ်ပြီးပေးချေရမည့် အကောင့်ကို ရွေးချယ်ပါ။ ပြီးပါက **“ဆက်လက်စိစစ်မည်”** ကိုနှိပ်၍ အတိုးနှုန်းနှင့် သက်တမ်းကုန်ဆုံးပါကရရှိမည့် အတိုးနှုန်းကို ကြည့်ရှုနိုင်ပါသည်။

## Step 3

ခန့်မှန်းရလဒ်များကို သေချာစွာစစ်ဆေးပြီး **“အချိန်ပိုင်းအပ်ငွေအကောင့်ဖွင့်မည်”** ကိုနှိပ်၍ အကောင့်အသစ်ဖွင့်ပါ။

## Step 4

**“ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေကြည့်ရန်”** ကိုနှိပ်၍ သင့်အချိန်ပိုင်းအပ်ငွေ၏အသေးစိတ်အချက်အလက်များကို ကြည့်ရှုပါ။

## Step 5

သင့်ဒစ်ဂျစ်တယ်အချိန်ပိုင်းအပ်ငွေ၏အသေးစိတ်အချက်အလက် စာမျက်နှာထဲတွင် **“ဒစ်ဂျစ်တယ်လက်မှတ်ထုပ်ယူရန်”** ကိုနှိပ်၍ တရားဝင်အတည်ပြုထားသော စာချုပ်ပုံကို သိမ်းဆည်းနိုင်ပါသည်။

# ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ (အတိုးကြိုယူ)

















## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာ ထဲမှ **"စုရင်း တိုးရင်း (ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ)"** ကို ရွေးချယ်ပြီး **"အတိုးကြိုယူ"** အစီအစဉ်ကို ရွေးချယ်ပါ။ (သို့မဟုတ်) ဘဏ်စာရင်း စာမျက်နှာရှိ **ဒစ်ဂျစ်တယ် အချိန် ပိုင်းအပ်ငွေ Tab** ထဲသို့သွားပြီး **"အတိုးကြိုယူ"** အစီအစဉ်ကို ရွေးချယ်ပါ။

## Step 2

ငွေသွင်းမည့် အကောင့်ကို ရွေးချယ်ပါ။ သွင်းမည့် ငွေပမာဏ ကို ရိုက်ထည့်ပါ။ စုဆောင်းမည့်ကာလကို ရွေးချယ်ပြီးပေးချေရမည့် အကောင့်ကို ရွေးချယ်ပါ။ ပြီးပါက **"ဆက်လက်စိစစ်မည်"** ကိုနှိပ်၍ အတိုးနှုန်းနှင့် သက်တမ်းကုန်ဆုံးပါကရရှိမည့် အတိုးနှုန်းကို ကြည့်ရှုနိုင်ပါသည်။

## Step 3

ခန့်မှန်းရလဒ်များကို သေချာစွာစစ်ဆေးပြီး **"အချိန်ပိုင်းအပ်ငွေအကောင့်ဖွင့်မည်"** ကိုနှိပ်၍ အကောင့်အသစ်ဖွင့်ပါ။

## Step 4

**"ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေကြည့်ရန်"** ကိုနှိပ်၍ သင့်ဒစ်ဂျစ်တယ်အချိန်ပိုင်းအပ်ငွေ၏အသေးစိတ်အချက်အလက်များကို ကြည့်ရှုပါ။

## Step 5

သင့်ဒစ်ဂျစ်တယ်အချိန်ပိုင်းအပ်ငွေ၏အသေးစိတ်အချက်အလက် စာမျက်နှာထဲတွင် **"ဒစ်ဂျစ်တယ်လက်မှတ်ထုပ်ယူရန်"** ကိုနှိပ်၍ တရားဝင်အတည်ပြုထားသော စာချုပ်ပုံကို သိမ်းဆည်းနိုင်ပါသည်။

# ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ

## (သက်တမ်းမစေ့မီစာရင်းပိတ်သိမ်းမည်)

















### Step 1

ဒစ်ဂျစ်တယ် အချိန်ပိုင်းအပ်ငွေ စာမျက်နှာ (သို့မဟုတ်) ဘဏ်စာရင်း စာမျက်နှာရှိ **ဒစ်ဂျစ်တယ် အချိန် ပိုင်းအပ်ငွေ Tab** ထဲတွင် အချိန် ပိုင်းအပ်ငွေစာရင်းတစ်ခုကို ရွေးချယ်ပါ။

### Step 2

စာမျက်နှာကို အောက်သို့ဆွဲချပြီး **“သက်တမ်းမစေ့မီ စာရင်းပိတ်သိမ်းမည်”** ကိုနှိပ်ပါ။

### Step 3

ပေါ်လာသော pop-up box ထဲရှိ သတိပေးချက်ကို သေချာစွာ ဖတ်ရှုပြီး **“စာရင်းပိတ်မည်”** ကိုနှိပ်ပါ။

### Step 4

သင်၏ အချိန်ပိုင်းအပ်ငွေစာရင်းထဲရှိသောငွေကို သင်၏ဘဏ်ငွေစာရင်းသို့ ပြန်လည်လွှဲပေးမည် ဖြစ်သည်။ လက်ရှိသက်တမ်းအတွက် ကြိုတင်လက်ခံ ထားသော အတိုးငွေများကို သင်၏ဘဏ်ငွေစာရင်းမှ ဖြတ်ထားမည် ဖြစ်သည်။

# တစ်ဦးတစ်ယောက်၏ ကြိုတင်ငွေဖြည့်ကတ်သို့ ငွေဖြည့်ပေးခြင်း










## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာ သို့သွားပြီး ကတ်ဝန်ဆောင်မှုများ အမျိုးအစားအောက်ရှိ **“Prepaid Card ငွေဖြည့်မည်”** ကို ရွေးချယ်ပါ။

## Step 2

ဤလုပ်ငန်းအတွက် သင့်ဘဏ်စာရင်းကို ရွေးချယ်ပါ။ လက်ခံသူ၏ Prepaid Card နံပါတ် နှင့် ဖြည့်မည့် ငွေပမာဏ ကို ရိုက်ထည့်ပါ။ မှတ်ချက်သည် မထည့်လျှင်လည်းရပါသည်။ ထို့နောက် **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါ။







## Step 3

ငွေဖြည့်သွင်းမည့်အချက်အလက်များအား သေချာစွာ စစ်ဆေးပါ။ ယင်းနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပြီး ငွေဖြည့် သွင်းခြင်း ဖြစ်စဉ် ပြီးမြောက်စေရန် PIN နံပါတ်အားရိုက်ထည့်ရပါမည်။

## Step 4

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်းအား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ်နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# တစ်ဦးတစ်ယောက်၏ အကြွေးဝယ်ကတ်အား ငွေသွင်းဆပ်ခြင်း










## Step 1

ဝန်ဆောင်မှုအားလုံး စာမျက်နှာ သို့သွားပြီး ကတ်ဝန်ဆောင်မှုများ အမျိုးအစားအောက်ရှိ **“Credit Card အကြွေးဆပ်ခြင်း”** ကို ရွေးချယ်ပါ။

## Step 2

ဤလုပ်ငန်းအတွက် သင့်ဘဏ်အကောင့်ကို ရွေးချယ်ပါ။ လက်ခံသူ၏ Prepaid Card နံပါတ် နှင့် ဆပ်မည့် ငွေပမာဏ ကို ရိုက်ထည့်ပါ။ မှတ်ချက်သည် သည် မထည့်လျှင်လည်း ရပါသည်။ ထို့နောက **“စစ်ဆေးရန် ရှေ့ဆက်မည်”** ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါ။







## Step 3

ငွေဖြည့်သွင်းမည့်အချက်အလက်များအား သေချာစွာ စစ်ဆေးပါ။ ယင်းနောက် **“ငွေလွှဲခြင်း အတည်ပြုမည်”** ကိုနှိပ်ပြီး ငွေဖြည့် သွင်းခြင်း ဖြစ်စဉ် ပြီးမြောက်စေရန် PIN နံပါတ်အားရိုက်ထည့်ရပါမည်။

## Step 4

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **“သိမ်းဆည်းမည်”** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်း အား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ် နိုင်ပါသည်။ **“ပင်မစာမျက်နှာသို့”** ခလုတ်အား နှိပ်၍ ပင်မ စာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# အခွန်ပေးဆောင်ခြင်း






















## Step 1

ဝန်ဆောင်မှုအားလုံးစာမျက်နှာ တွင် **"အခွန်ပေးဆောင်ခြင်း"** ကို ရွေးချယ်ပါ။

## Step 2

အခွန်ပေးဆောင်သူ၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) ကို ရိုက်ထည့်ပြီး အခွန်ပေးဆောင်သူ၏ အသေးစိတ် အချက်အလက်များ ကို သေချာစွာ စစ်ဆေးပါ။

## Step 3

အခွန်ပေးချေမှု ဖောင်ရှိ အခြားအချက်အလက်များကို ဖြည့်ပြီး **"စစ်ဆေးရန် ရှေ့ဆက်မည်"** ကိုနှိပ်ပါ။

## Step 4

ပေးချေမှုအသေးစိတ်အချက်အလက်များကို သေချာစွာ ပြန်စစ်ပြီး **"ငွေလွှဲခြင်း အတည်ပြုမည်"** ကိုနှိပ်ပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည်ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်းအား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ်နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အား နှိပ်၍ ပင်မစာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။

# ဝန်ဆောင်မှုများတည်နေရာ (ငွေထုတ်စက်)













## Step 1

ဝန်ဆောင်မှုအားလုံးစာမျက်နှာ တွင် **"ဝန်ဆောင်မှုများ တည်နေရာ"** ကို ရွေးချယ်ပါ။

## Step 2

**ATM Tab** ကိုရွေးချယ်၍ AYA Bank ၏ ATM များအားလုံးကို ကြည့်ရှုနိုင်ပါသည်။ **"မြေပုံတွင်ကြည့်ရန်"** ကိုနှိပ်၍ မြေပုံကြည့်ရှုနိုင်သည်။ **"စာရင်းနှင့်ကြည့်ရန်"** ကိုနှိပ်၍ စာရင်းအသွင်ဖြင့် ပြန်လည်ကြည့်ရှုနိုင်သည်။ တိကျသော ATM တစ်ခုကို နှိပ်၍ တည်နေရာကို ကြည့်ရှု နိုင်သည်။

## Step 3

**"အသေးစိတ်ကြည့်မည်"** ကိုနှိပ်၍ ATM လိပ်စာ၊ ATM အခြေအနေ၊ အခြားလုပ်ဆောင်နိုင်သည့် အခြေအနေများကို ကြည့်ရှုနိုင် ပါသည်။













## Step 4

**"ငွေသားထုတ်ယူရန်"** ကိုနှိပ်၍ ATM ငွေထုတ်ယူမှု စတင်နိုင်သည်။ **"လမ်းညွှန် ကြည့်ရန်"** ကိုနှိပ်၍ မိမိ၏ မြေပုံ App ကိုဖွင့်ပြီး တိုက်ရိုက် လမ်းညွှန်ဖြင့် ATM ရှိရာသို့ သွားနိုင်သည်။

## Step 5

ATM ရှိရာမသွားမီ **ATM Conditions** ကိုစစ်ဆေး၍ အဆိုပါ ATM တွင် မည်သည့် ဝန်ဆောင်မှုများ ရနိုင်သည်ကို ကြိုတင်သိရှိနိုင်ပါသည်။

# ဝန်ဆောင်မှုများတည်နေရာ (ဘဏ်ခွဲ နှင့် အေးဂျင့်များ)










## Step 1

**ဘဏ်ခွဲ Tab** ကို ရွေးပြီး AYA Bank ၏ဘဏ်ခွဲများအားလုံးကို ကြည့်ရှုနိုင်ပါသည်။ တိကျသော ဘဏ်ခွဲ တစ်ခုကို နှိပ်၍ ၎င်း၏ တည်နေရာကို ကြည့်ပါ။

## Step 2

**"အသေးစိတ်ကြည့်မည်"** ကို နှိပ်၍ ဘဏ်ခွဲလိပ်စာ၊ လုပ်ငန်းချိန်များ၊ ဆက်သွယ်ရန်အသေးစိတ် အချက်အလက်များနှင့် အခြား လုပ်ဆောင်ချက်များကို ကြည့်နိုင်ပါသည်။

## Step 3

**"ဖုန်းခေါ်ရန်"** ကို နှိပ်၍ ဘဏ်ခွဲသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ **"လမ်းညွှန်ကြည့်ရန်"** ကို နှိပ်၍ မြေပုံ App ကို ဖွင့်ပြီး အဆိုပါ ဘဏ်ခွဲတည်နေရာသို့ တိုက်ရိုက်သွားနိုင်ပါသည်။













## Step 1

**အေးဂျင့် Tab** ကို ရွေးပြီး AYA ဘဏ်၏ ကိုယ်စားလှယ်များအားလုံးကို ကြည့်ရှုနိုင်ပါသည်။ တိကျသော ကိုယ်စားလှယ် တစ်ဦးကို နှိပ်၍ ၎င်း၏ တည်နေရာကို ကြည့်နိုင်ပါသည်။

## Step 2

**"အသေးစိတ်ကြည့်မည်"** ကို နှိပ်၍ ကိုယ်စားလှယ်၏ လိပ်စာ၊ လုပ်ငန်းချိန်များနှင့် အခြားလုပ်ဆောင်ချက်များကို ကြည့်နိုင်ပါသည်။

## Step 3

**"လမ်းညွှန်ကြည့်ရန်"** ကို နှိပ်၍ မြေပုံ App ကို ဖွင့်ပြီး အဆိုပါ တည်နေရာသို့ တိုက်ရိုက်သွားနိုင်ပါသည်။

# ဝန်ဆောင်မှုများတည်နေရာ (xCounter)










## Step 1

**xCounter Tab** ကို ရွေးပြီး AYA xCounter အားလုံးကို ကြည့်ပါ။ တိကျသော xCounter တစ်ခုကို နှိပ်၍ ၎င်း၏ တည်နေရာကို ကြည့်ပါ။

## Step 2

**"အသေးစိတ်ကြည့်မည်"** ကို နှိပ်၍ xCounter လိပ်စာ၊ လုပ်ငန်းချိန်များ၊ ဆက်သွယ်ရန် အချက်အလက်များနှင့် အခြား လုပ်ဆောင် နိုင်မှုများကို ဝင်ရောက်ကြည့်ပါ။

## Step 3

**"ဖုန်းခေါ်ရန်"** ကို နှိပ်၍ အဆိုပါ xCounter နေရာသို့ တိုက်ရိုက် ဆက်သွယ်နိုင်ပါသည်။ **"လမ်းညွှန်ကြည့်ရန်"** ကို နှိပ်၍ မြေပုံ App ကို ဖွင့်ပြီး အဆိုပါ တည်နေရာသို့ တိုက်ရိုက် သွားနိုင်ပါသည်။

# ချေးငွေပြန်လည်ဆပ်ခြင်း




**ချေးငွေပြန်လည်ဆပ်ခြင်း**

သင့်ချေးငွေများကို သက်တမ်းရှိနေသော သို့မဟုတ် လုပ်ဆောင်ပြီးသော အခြေအနေအလိုက် စုစည်းထားပါသည်။

**ချေးငွေများအားရှာဖွေရန်နေရာ နှင့် ချေးငွေအမျိုးအစားများ**

ရှာဖွေရန်ဘား (သို့မဟုတ်) အမျိုးအစား (Category) Tab များကို အသုံးပြုပြီး သင်၏ချေးငွေအားလုံးကို လွယ်ကူစွာ ရှာဖွေနိုင်ပါသည်။

**ပေးဆပ်ထားသောပမာဏ**

ဤစာမျက်နှာတွင် သင့်ချေးငွေ၏ ပေးဆပ်ထားသော ပမာဏကို စုံလင်စွာ ကြည့်ရှုနိုင် ပါသည်။

**စိတ်ကြိုက်ပြုပြင်ခြင်း**

သင်၏ချေးငွေများကို ပုဂ္ဂိုလ်ရေး လိုက်လျောညီထွေမှုရှိအောင် သင်ကြိုက်သလို ပုံတင်ခြင်းနှင့် အမည် (Nickname) ပေးခြင်းတို့ဖြင့် အဆင်ပြေသလိုပြင်ဆင်နိုင်ပါသည်။

# ချေးငွေအနှစ်ချုပ်









## Step 1

ဝန်ဆောင်မှုအားလုံးစာမျက်နှာ တွင် **"ချေးငွေပေးဆပ်ခြင်း"** ကို ရွေးချယ်ပါ။ **အနှစ်ချုပ် Tab** ကို ထိ၍ ချေးငွေအသေးစိတ် အချက်အလက်များနှင့်ပေးဆပ်ထားသောပမာဏကိုကြည့်ပါ။

## Step 2

**"ပုံပြောင်းရန်"** ကို ထိ၍ သင့်ဖုန်း ဓာတ်ပုံ Gallery မှ သင်၏ပုံကို တင်နိုင်ပါသည်။

## Step 3

**"နာမည်ပြောင်းရန်"** ကို ထိ၍ သင့်ချေးငွေ၏ နာမည် (nickname) ကို ပြင်ဆင်နိုင်ပါသည်။

# ပေးချေရန်ပျက်ကွက်မှုများ









## Step 1

**"ပေးချေရန် ပျက်ကွက်မှုများ"** ကို ထိ၍ သင်၏ပျက်ကွက်ခဲ့သော ငွေပေးချေမှုများ၏ မှတ်တမ်းကို ကြည့်နိုင်ပါသည်။ ထိပ်ဆုံးတွင် သင်၏ ပြန်လည်ပေးချေရမည့်ငွေပမာဏကို တွေ့မြင်နိုင်ပါသည်။

## Step 2

ပေးချေရမည့် အကြိမ်တစ်ခုချင်းစီတွင် ယခုလက်ရှိ အခြေအနေကို အရောင်ဖြင့် ပြသသော အခြေအနေပြချက် အညွှန်းတစ်ခု ပါရှိမည်ဖြစ်သည်။

## Step 3

ပျက်ကွက်ခဲ့သော ရက်လွန်သည့် အကြိမ်အားလုံးကို သေချာစွာ ပြန်လည်စစ်ဆေးနိုင်ပြီး မပေးရသေးသည့် ချေးငွေ ပေးဆပ်မှုများအား အမြန်ဆုံး ပေးချေရပါမည်။

# ချေးငွေပေးချေမှုပြုလုပ်ခြင်း










## Step 1

**"ပေးချေမှု ပြုလုပ်မည်"** ကို နှိပ်၍ မိမိ၏ ချေးငွေလက်ကျန်ပမာဏကို ပေးချေနိုင်ပါသည်။

## Step 2

ဤအကြိမ်ပေးချေမှုအတွက် သင့်ပေးချေမည့်ငွေစာရင်းနှင့် ပေးချေရမည့် ပမာဏကို လွယ်ကူစေရန် အလိုလျောက် ဖြည့်သွင်းထားပါမည်။ လိုအပ်လျှင် မိမိပေးချေလိုသော ပမာဏကိုလည်း ထည့်သွင်းနိုင်ပါသည်။

## Step 3

**"စစ်ဆေးရန် ရှေ့ဆက်မည်"** ကို နှိပ်ပါ။ အချက်အလက်များကို သေချာစွာ စိစစ်ပြီး **"ငွေလွှဲခြင်း အတည်ပြုမည်"** ကို နှိပ်ပါ။







## Step 4

သင့် PIN နံပါတ်ကို ထည့်သွင်း၍ လုပ်ငန်းစဉ်ကို အတည်ပြုပါ။

## Step 5

ငွေလွှဲခြင်းအောင်မြင်ပါက Success Screen ပေါ်လာမည် ဖြစ်သည်။ **"သိမ်းဆည်းမည်"** ကို နှိပ်ပြီး ဖြတ်ပိုင်း/မှတ်တမ်းအား သိမ်းဆည်းထားခြင်း (သို့) မျှဝေခြင်း ပြုလုပ်နိုင်ပါသည်။ **"ပင်မစာမျက်နှာသို့"** ခလုတ်အား နှိပ်၍ ပင်မစာမျက်နှာသို့ ပြန်လည်သွား ရောက်နိုင်ပါသည်။